# ( ၁၉၅၂ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ (လုပ်ငန်းဆောင်ရွက်မှု) နည်းဥပဒေများ)

**အမှတ် ၂၆**

**၁၃၁၄ ခု၊ ဝါဆိုလဆုတ် ၅ ရက်။**

**(၁၉၅၂ ခု၊ ဇူလိုင်လ ၁၁ ရက်။)**

အမှတ် ၂၆။ ။ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်း စစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (၁) ဖြင့် အပ်နှင်းသည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍၊ အောက်ပါ နည်းဥပဒေများကို ပြုလုပ်သည်၊

## ၁၉၅၂ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ (လုပ်ငန်းဆောင်ရွက်မှု) နည်းဥပဒေများ

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၅၂ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ (လုပ်ငန်း ဆောင်ရွက်မှု) နည်းဥပဒေများဟု ခေါ်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင်၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန်မလိုလျှင်-

"အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေး ဌာန အက်ဥပဒေပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသည့် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ကို ဆိုလိုသည်။

၃။ ။ အဖွဲ့၏ အစည်းအဝေးတွင် ဆွေးနွေးကြသော ပြဿနာအားလုံးကို အစည်းအဝေး တက်ရောက်မဲ ပေးသော အဖွဲ့ဝင် လူကြီးများ၏ မဲများရာဖြင့် ဆုံးဖြတ်ရမည်။ အဖွဲ့၏ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင် လူကြီးတိုင်း လိုက်နာရမည်။

၄။ ။ မည်သည့်အစည်းအဝေးတွင်မဆို၊ မဲအရေအတွက် တူညီနေသောအခါ သဘာပတိမှာ ဒုတိယမဲ၊ သို့တည်းမဟုတ် အနိုင်မဲပေးနိုင်ခွင့်ရှိရမည်။

၅။ ။ ဥက္ကဋ္ဌက အခြား ညွှန်ကြားချက်မပေးလျှင်၊ အဖွဲ့သည်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် အလို့ငှါ၊ အလုပ်လုပ်ကိုင်သည့် နေ့ရက်တိုင်း အစည်းအဝေးကျင်းပရမည်။

၆။ ။ အဖွဲ့၏ အစည်းအဝေး ကျင်းပရာနေရာနှင့်အချိန်ကို၊ ဥက္ကဋ္ဌက သတ်မှတ်ရမည်။

၇။ ။ ဥက္ကဋ္ဌသည်၊ အစည်းအဝေးအားလုံးတွင် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ သို့ရာတွင် မည်သည့်အစည်းအဝေးသို့မဆို၊ ဥက္ကဋ္ဌ မတက်ရောက်သည့်အခါ၊ တက်ရောက်သော အဖွဲ့ဝင်လူကြီးများ သည်၊ မိမိတို့အထဲမှ တဦးဦးကို အဆိုပါ အစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက် တင်မြှောက်ရမည်။ ထိုသဘာပတိသည်၊ ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားအားလုံးကို ဆောင်ရွက်ရမည့်ပြင်၊ ဥက္ကဋ္ဌ၏ အာဏာအားလုံးကိုလည်းသုံးစွဲနိုင်သည်။

၈။ ။ မဲဆန္ဒများကို၊ အဖွဲ့ကဆုံးဖြတ်သည့်အတိုင်းလက်ထောင်ပြစေခြင်းအားဖြင့်သော်၎င်း၊ မဲပေး စေခြင်းအားဖြင့်သော်၎င်း ယူရမည်။

၉။ ။ ဥက္ကဋ္ဌသည်၊ မည်သည့်ရက်နေ့၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို အရေးတကြီး အစည်းအဝေးကို ဘိတ်ခေါ်နိုင်သည်။

၁၀။ ။ အစည်းအဝေးအထမြောက်ရေးအတွက် အနည်းဆုံး အဖွဲ့ဝင်လူကြီးသုံးဦး တက်ရောက်ရမည်။ အစည်းအဝေး အထမြောက်အောင် လိုအပ်သည့် အဖွဲ့ဝင်လူကြီးဦးရေ မတက်ရောက်လျှင်၊ အစည်း အဝေးကို အဆင်သင့်သည့် နေ့ရက်သို့ ရွှေ့ဆိုင်းရမည်။ ထိုသို့ရွှေ့ဆိုင်းပြီး ပြန်လည်ကျင်းပသော အစည်း အဝေးသို့ အစည်းအဝေးအထမြောက်အောင် လိုအပ်သည့် အဖွဲ့ဝင်လူကြီးဦးရေမတက်ရောက်လျှင်၊ တက်ရောက်သော အဖွဲ့ဝင်လူကြီးဦးရေသည်၊ အစည်းအဝေးအထမြောက်အောင် လိုအပ်သည့် အဖွဲ့ဝင် လူကြီးဦးရေဖြစ်သည်ဟု မှတ်ယူရမည်။

၁၁။ ။ အစည်းအဝေးအသီးသီးသို့ တက်ရောက်သော အဖွဲ့ဝင်လူကြီးတို့၏ အမည်များကိုင်၊ အစည်းအဝေး အသီးသီးတွင် ဆွေးနွေးစဉ်းစားသည့် ကိစ္စများကိုင်၊ အပြီးသတ်ချမှတ်သည့် ဆုံးဖြတ်ချက်များကိုင်၊ မှတ်တမ်းမှတ်ပုံစာရင်းဟု ခေါ်သည့်အထူး မှတ်ပုံစာရင်းတွင် ရေးသွင်းရမည်။ ဤမှတ်ပုံစာရင်းကို အစည်းအဝေးအသီးသီးသို့ တက်ရောက်သော ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် လူကြီးတဦးက လက်မှတ်ရေးထိုးရမည်။

၁၂။ ။ ဥက္ကဋ္ဌသည်၊ အစည်းအဝေးအရပ်ရပ်၏ လုပ်ငန်းအစီအစဉ်ကို စည်းမျဉ်းသတ်မှတ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက ရှေးဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းမှာ၊ မှတ်တမ်းမှတ်ပုံစာရင်းတွင် လွန်ခဲ့သော အစည်းအဝေးနှင့် သက်ဆိုင်သည့် ရေးသွင်းချက်များကို ကြည့်ရှုစစ်ဆေး၍၊ အစည်းအဝေးတက်ရောက် သည့် အဖွဲ့ဝင်လူကြီးတဦးဦးနှင့်အတူ လက်မှတ်ရေးထိုးရန်ဖြစ်ရမည်။

၁၃။ ။ ဥက္ကဋ္ဌသည်၊ အစည်းအဝေးကို စည်းကမ်းသေဝပ်အောင် အုပ်ထိန်းရမည့်ပြင်၊ အစည်းအဝေးတွင် စည်းကမ်းကျ မကျ အဆုံးအဖြတ်တောင်းဆိုလျှင်လည်း အဆုံးအဖြတ်ပေးရမည်။

၁၄။ ။ အဖွဲ့ဥက္ကဋ္ဌကိုသော်ငင်၊ အဖွဲ့ဝင်လူကြီးတဦးဦးကိုသော်ငင်၊ ပြစ်တင်ရှုတ်ချရန် မည်သည့် အဆိုကိုမျှ မတင်သွင်းရ။

၁၅။ ။ အဖွဲ့၏မည်သည့် အစည်းအဝေးတွင်မဆို၊ ဥက္ကဋ္ဌသည်၊ မိမိသဘောအတိုင်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီး တဦးဦး၏ တောင်းဆိုချက်အတိုင်း၊ ဆွေးနွေးဆဲ လုပ်ငန်းနှင့် သက်ဆိုင်သူကို၊ သို့တည်းမဟုတ် သက်ဆိုင်သူများကို အစည်းအဝေးသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

၁၆။ ။ နည်းဥပဒေ ၁၅ အရ၊ အစည်းအဝေးသို့လာရောက်ရန် ဆင့်ဆိုခံရသူသည်၊ သို့တည်းမဟုတ် ဆင့်ဆိုခံရသူများသည်၊ အစည်းအဝေးသို့ မလာရောက်နိုင်ကြောင်းဖြင့် သင့်လျော်သောအကြောင်း မပြနိုင်လျှင်၊ အဆိုပါအစည်းအဝေးသို့ လာရောက်ရမည်။ မလာရောက်ဘဲ နေခဲ့သော် တရားဥပဒေနှင့် အညီ တရားစွဲဆိုခြင်းခံရမည်။

အမိန့်အရ၊

ချမ်းသာ၊

ဝန်ကြီးချုပ်၏အတွင်းဝန်၊

(အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့)။

Myanmar Law Information System (MLIS)